Funded by: UKaid

Towards Results in Education & English

# အားလုံးအကျုံးဝင်သင်ကြားရေးအလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

# သင်ရိုးပိုင်း ၄

# သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid

# သင်ရိုးပိုင်း ၄။ သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း

## ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ သင်ယူသူအားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို သင်ယူသူအားလုံးအတွက် မည်သို့ ဖန်တီးနိုင်ကြောင်း ကြည့်ရှုသည့် **သင်ရိုးပိုင်း ၁၅ ခုမှ စတုတ္ထပိုင်း**ဖြစ်ပါသည်။ သင်ယူသူအားလုံး အကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်များသည် ၂၁ ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ ဤသင်ရိုးပိုင်းများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ပညာရေး လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ဦးဆောင်အဖွဲ့များနှင့် ဆရာအတတ်သင် ဆရာ/မများအတွက် ဖြစ်ပါသည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် သင်ယူမှုရလဒ်များကို စီစဉ်ရေးဆွဲခြင်း |
| **၄** | **သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း** |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းများမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မသန်စွမ်းသော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

### သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွက် မည်သို့ရည်ရွယ်အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ်ကို အကောင်းဆုံးပြီးအောင်ရေးနည်းအကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေအားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ယူမှုဖြစ်စဉ်၏ အပိုင်းဖြစ်ကြောင်း၊ လုပ်အပ်သည့် လုပ်ဆောင်ချက် တစ်ခုဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်းတစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များကို သင်တန်းသားများ မှတ်သားကြပါစေ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

## လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြရန်အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရန်လိုပါသည်။ တွေးတော/တွဲဖက်/ ဝေမျှသည့် think/pair/share နည်းလမ်းသည် သင်တန်းသူ/သားများ ပူးပေါင်းဆောင်ရွက်ရန်၊ အတွေးအမြင်ဖလှယ်ရန်၊ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။

## အားလုံးအကျုံးဝင် သင်ကြားရေးအလေ့အကျင့် CPD သင်ရိုးပိုင်း နောက်ခံအကြောင်း

သင်ရိုးပိုင်းများတွင် ပညာရေးအခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် အားလုံး အကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှုဟူသော အဓိကအကြောင်းအရာ ၃ ခု ပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုအတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာန ကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့) ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့် စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရာက်သူများ၏ ယုံကြည်ချက်နှင့်သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို ထည့်သွင်း အသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများသည် ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျှက် ၎င်းတို့လုပ်နိုင်သည့်နှုန်းဖြင့် လုပ်ကြပါစေ။

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များ မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံး အကျုံးဝင် သင်ကြားမှုအလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြား တွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။

သင်ရိုးပိုင်းတစ်ခုချင်းတွင် သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်များ အစဉ်လိုက် ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် ပေးထားသောအဖြေများမှ အဖြေမှန်ရွေးသည့် ပဟေဠိတစ်ခုကို ဖြေရပါမည်။

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid



## သင်ရိုးပိုင်း ၄ - သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့် အောက်ပါတို့ကို သင်လုပ်ဆောင်နိုင်ပါမည်။**

**၁. သင်ကြားရေးနှင့်သင်ယူရေးအတွက် သင်ယူသူဗဟိုပြုချဉ်းကပ်နည်း(LCA)၏ အဓိကအချက်များကို သိရှိမှတ်မိခြင်း**

**၂. LCA ၏အဓိကအချက်များကိုအားလုံးအကျုံးဝင်အလေ့အကျင့်နှင့် ၂၁ ရာစုကျွမ်းကျင်မှုတို့နှင့်နှိုင်းယှဉ်ခြင်း**

**၃. LCA ၏အဓိကအချက် ၂-၃ ချက်ကိုနားလည်မှု၊ ယင်းတို့ကို အားလုံးအကျုံးဝင်သည့် စာသင်ခန်းတွင် အကောင်အထည် ဖော်ပုံနှင့် ယင်းတို့သည် ၂၁ ရာစု ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်လာရန် အထောက်အကူပြုပုံတို့ကို သရုပ်ပြခြင်း**

**၄. ထိရောက်ပြီး အားလုံးအကျုံးဝင်မှုရှိသည့် အုပ်စုဖွဲ့လုပ်ဆောင်မှုများ စီစဉ်ပုံကို သရုပ်ဖော်ရှင်းပြခြင်း**

ပြီးခဲ့သည့်သင်ရိုးပိုင်း (သင်ရိုးပိုင်း ၃)တွင် အားလုံးအကျုံးဝင်အလေ့အကျင့်ကိုပံ့ပိုးရန် ထိရောက်သော သင်ယူမှုရလဒ်များ သုံးနိုင်ပုံကိုစူးစမ်းခဲ့ပြီ။ သင်ယူသူအားလုံး သင်ယူမှုတွင် ကိုယ်တိုင်ပါဝင်ကာ ရပ်လိုသည့်နေရာတွင်ရပ်ပြီး ဆက်လက်လုပ်ဆောင်ရန် စိတ်ချလျှင်ပြန်လည်စတင်စေနိုင်မည့်’ အဆင့်ဆင့်’သင်ယူမှုအသုံးပြုနိုင်ပုံကို ဆွေးနွေးခဲ့ပါသည်။

ဤစတုတ္ထသင်ရိုးပိုင်းသည် အတန်းတွင်း **သင်ယူသူဗဟိုပြုချဉ်းကပ်နည်း** (LCA)၏ အဓိကအစိတ်အပိုင်းများအား မိတ်ဆက်ပေးပါသည်။ သင်ယူသူအားလုံး လုပ်ဆောင်ချက်များတွင် ပါဝင်လာအောင် အားပေးပြီး မိမိတို့သင်ယူမှုအတွက် တာဝန်ယူစေပါသည်။ LCA နှင့် ၂၁ ရာစုကျွမ်းကျင်မှု ဖွံ့ဖြိုးရေးတို့ကိုလည်း ချိတ်ဆက်ပေးပါသည်။ မည်သည့်သင်ယူမှုပုံစံ၊ စိတ်ဝင်စားမှုနှင့် သင်ယူမှုအခက်အခဲများ၊ မသန်စွမ်းမှုများ ရှိသည်ဖြစ်စေ သင်ယူသူအားလုံးအားပံ့ပိုးရန် အုပ်စုဖွဲ့လုပ်ဆောင်မှုကို မည်သို့ သုံးရမည်ဖြစ်ကြောင်း ဤသင်ရိုးပိုင်း၏နောက်ဆုံးပိုင်းတွင် စဉ်းစားထားပါသည်။

## သင်ရိုးပိုင်း ၄ မှ လုပ်ဆောင်ချက်များအတွက် နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| သင်ရိုးပိုင်း ၃ ယခင်အသိပညာကို စစ်ဆေးအကဲဖြတ်ခြင်း | ပထမလုပ်ဆောင်ချက်မှာ သင်ရိုးပိုင်း ၃ အား ပြန်လှန်ဆန်းစစ်ခြင်းဖြစ်သည်။ ယခင် သင်ရိုးပိုင်း အကြောင်းအရာများကို သတိချပ်စေကာ ဤသင်ရိုးပိုင်းအတွက် ပြင်ဆင်ရာတွင် အရေးကြီးသည့် အချက်အလက်များကို ပြန်လည်အမှတ်ရစေပါသည်။ ပထမအကြိမ် လုပ်ဆောင်ပြီးလျှင် သင်တန်းသားများ သင်ရိုးပိုင်း ၃ ၌ အဖြေစစ်ရန် ပြန်လည်ရည်ညွှန်းကြပါစေ။ |

Implemented by: British Council, The Open University, VSO, montrose

Funded by: UKaid



| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| ၂.၂၁ ရာစုကျွမ်းကျင်မှုများ အတွက် သင်ယူသူ ဗဟိုပြုချဉ်းကပ်မှုများ | ဘီဒက်ရဟန်၏ အောက်ပါဆောင်းပါးကိုဖတ်ရှုကြရန် သင်ယူသူအားလုံးကို အကြံပြုပါ။ https://yourstory.com/2019/11/student-centered-learning-approach-21st-century |
| ပထမ အကြိမ် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း<br><br>သင်ယူသူဗဟိုပြု ချဉ်းကပ်မှုကို နားလည်မှုနှင့် ထိရောက်သော အုပ်စုဖွဲ့ လုပ်ဆောင်ချက် | အချို့သင်တန်းသူ/သားများ မိမိကိုယ်မိမိစစ်ဆေးရာတွင် ရိုးရိုးသားသား ဖြေရန် အားပေးမှု လိုအပ်နိုင်ပါသည်။ ယခုသင်ရိုးပိုင်းသည် အားလုံးအကျုံးဝင် အလေ့အကျင့်အကြောင်း စတုတ္ထမြောက်သင်ရိုးပိုင်း ဖြစ်ကြောင်း၊ ၎င်းတို့၏ နားလည်မှုနှင့် ယုံကြည်စိတ်ချမှုတို့ အချိန်နှင့်အမျှ ဆက်လက် ဖွံ့ဖြိုးမည် ဖြစ်ကြောင်း သိကြပါစေ။ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်မှုကို (ပထမအကြိမ်တွင် LCA ကို နားလည်ခြင်း၊ ဒုတိယ အကြိမ်တွင် ထိရောက်သော အုပ်စုဖွဲ့ လုပ်ဆောင်မှုကို နားလည်ခြင်း)ဟူ၍ နှစ်ကြိမ်ခွဲလုပ်ပါသည်။ စစ်ဆေးအကဲဖြတ်မှု ရလဒ်ကို သင်ရိုးပိုင်း ၄ အဆုံးသတ် စစ်ဆေးမှုနှင့် နှိုင်းယှဉ်ခြင်းဖြင့် သင်တန်းသူ/ သားများ ၎င်းတို့၏ သင်ယူမှုအား နှိုင်းယှဉ်သုံးသပ်နိုင်ပါမည်။ |
| လုပ်ဆောင်ချက် ၄.၁ - ဝေါဟာရ | ဤလုပ်ဆောင်ချက်တွင် သင်တန်းသူ/သားများကို သင်ရိုးတစ်လျှောက်ပါဝင်မည့် ဝေါဟာရများအကြောင်း စဉ်းစားစေပါသည်။ (ကိန်းဂဏန်းဖြင့်) **စကားလုံး**နှင့် **အဓိပ္ပါယ်ဖွင့်ဆိုချက်**များကို တွဲစေပါသည်။ အဖြေမဖတ်မီ စကားလုံးအဓိပ္ပါယ် ဖွင့်ဆိုချက်များကို အားလုံးကြိုးစားပြီး ပေးကြပါစေ။ နောက်ဆက်တွဲ လုပ်ဆောင်ချက်အနေဖြင့် လုပ်ရဲကိုင်ရဲရှိလာလျှင် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ဆက်နွယ်သော မြုပ်ထားသည့် အရေးကြီးသော **စကားလုံးတစ်လုံး**ကို သင်တန်းသူ/သားအားလုံး ဖော်ထုတ်ကြရန်ဖြစ်သည်။ အဖြေမှာ '**ဆက်သွယ်မှု**' ဖြစ်ပါသည်။ |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

Towards Results in Education & English

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| လုပ်ဆောင်ချက် ၄.၂ - သင်ယူသူဗဟိုပြု ချဉ်းကပ်မှုအကြောင်း **ဗီဒီယိုနှစ်ခု** | သင်တန်းသူ/သားများအား ဗီဒီယိုနှစ်ကားကိုကြည့်စေပြီး သင်ယူမှုဂျာနယ်တွင် သင်ယူသူကို **ဗဟိုပိုမိုပြုစေရန် ၎င်းတို့လုပ်နိုင်သည့် အရာအချို့ကို စာရင်းပြုစု**ကြပါစေ။ ကြည့်နေစဉ် ပေးထားသည့် မေးခွန်းများအကြောင်း မှတ်စုရေးကြရန်။ ဗီဒီယိုစာတမ်းထိုးများကိုဖွင့်ပြီး စာသားများကို စိတ်ကြိုက်နှုန်းထားဖြင့် ဖတ်ရှုနိုင်ကြောင်း သိကြပါစေ။ ဤသို့အားဖြင့် တစ်ဦးချင်း သင်ယူမှုလိုအပ်ချက်ခြားနားမှုကိုလည်း ခွင့်ပြုပါသည်။ နည်းပညာကိုသုံးရာတွင် ပိုမိုအဆင်ပြေစေရန် နှစ်ယောက်တွဲ (သို့) အုပ်စုလိုက်ဗီဒီယိုကြည့်နိုင်ပါသည်။ စကားလုံးသစ်များရှိလျှင် သင်ယူမှုဂျာနယ်တွင် မှတ်စုရေးရန် လိုအပ်ပါသည်။ ဖြစ်နိုင်လျှင် အသိသညာသစ် (သို့) ဝေါဟာရသစ် များကို နားလည်စေရန် ဆွေးနွေးပေးပါ။<br><br>လုပ်ဆောင်ချက် ဒုတိယပိုင်းတွင် ၎င်းတို့၏သင်ခန်းစာများကို ပြန်လည်သုံးသပ်စေပြီး အတန်းတွင်း ရှင်းလင်း၊ သရုပ်ပြ၊ ပြောဆို၊ ပို့ချချိန် ရာနှုန်းကို မှန်းဆကြပါစေ။ တတိယပိုင်းတွင် ၎င်းတို့၏သင်ယူသူများ လုပ်ဆောင်ချက်များအတွက် ပူးပေါင်းပြီး စဉ်းစားလုပ်ကိုင်သည့် ကြာမြင့်ချိန်ရာနှုန်းကို မေးမြန်းပါသည်။ ပြန်လည်သုံးသပ်ပြီး နောက် အကောင်းဆုံးမှန်းဆခြင်းဖြစ်သည်။ |
| လုပ်ဆောင်ချက် ၄.၃ - ၂၁ ရာစု ကျွမ်းကျင်မှုများ **နှိုင်းယှဉ်ချက်** အစဉ်အလာနှင့် ၂၁ ရာစု | ဆရာ/မဗဟိုပြုသင်ကြားရေးနှင့် သင်ယူသူဗဟိုပြုသင်ကြားရေး အကြောင်း အချက်များကို လုပ်ဆောင်ချက်တွင် သင်တန်းသားများအား ပြန်လည်သုံးသပ်စေပါသည်။ ထို့နောက်ဇယားမှ ထောက်ပေးသည့် အချက်များအား တုံ့ပြန်စေပြီး ၎င်းတို့၏ ယခင်စာသင်ခန်းအနေအထားနှင့် လက်ရှိလိုအပ်သောအနေအထားများကို နှိုင်းယှဉ်ကြရန်ဖြစ်သည်။ အတူတူ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သင်ယူမှုဂျာနယ်တွင် ရေးပါ။ |
| လုပ်ဆောင်ချက် ၄.၄ - သင်ယူသူဗဟိုပြု ချဉ်းကပ်မှု (အဓိကလက္ခဏာ ၁၅ ချက်နှင့် ကိုယ်တိုင် တိုက်ဆိုင် **စစ်ဆေးခြင်း**) | LCA ၁၅ ချက်(က-ဏ)များမှ တစ်ချက်ချင်းကိုဖတ်စေပြီး **၎င်းတို့သင်ကြားသည့် အတန်းအကြောင်း ဂရုတစိုက် စဉ်းစား**ကြပါစေ။ **ထို့နောက် ၎င်းတို့အလေ့အကျင့်ကို အဆိုတစ်ခုချင်းနှင့် ကိုယ်တိုင်တိုက်ဆိုင်စစ်ဆေးရပါမည်။** LCA သုံးသည့် အားလုံးအကျုံးဝင်စေမည့် ဆရာ/မအနေဖြင့် တိုက်ဆိုင်စစ်စာရင်းသုံးကာ သေသေချာချာ တွေးရပါမည်။ ရလဒ်ကို ၎င်းတို့ **CPDအစီအစဉ် ဖော်ဆောင်မှုတွင်** သုံးနိုင်ပါသည်**။** LCA ၏ လက္ခဏာများကို ဤလုပ်ဆောင်ချက်ဖြင့် မိတ်ဆက်ပေးပါသည်။ လုပ်ဆောင်ချက် ၄.၁ ရှိ စကားလုံးအချို့ကို **ဖော်ထုတ်ရန်လည်း အားပေး**ပါသည် (ဝေါဟာရ များသည် ၄.၁ မှ ဖြစ်ပါသည်)။ နားမလည်သော စကားလုံးများ၊ |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid
Towards Results in Education & English

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | စကားစုများရှိပါက ၄.၁ ကို ပြန်သွားပြီး အခ်ပွါယ်များကို ပြန်လည်ကြည့်ရှုနိုင်ပါသည်။ |
| လုပ်ဆောင်ချက် ၄.၅ - သင်ယူသူဗဟိုပြု ချဉ်းကပ်မှု **(အမှား/အမှန်)** | လုပ်ဆောင်ချက် ၄.၃ မှ LCA အကြောင်းအချက်များသုံးပြီး အဆိုများကို သင်တန်းသူ/သားများအား ဖတ်ရှုစေပြီး **အမှား/အမှန်** ခွဲခြားရပါမည်။ ဤလုပ်ဆောင်ချက်သည် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်သည့် လေ့ကျင့်ခန်းတွင် ဖော်ထုတ်ခဲ့သည့် ယခင်အတွေးအမြင်များကို စုစည်းခိုင်မာစေမည့် နည်းလမ်းတစ်ခုလည်း ဖြစ်ပါသည်။ |
| လုပ်ဆောင်ချက် ၄.၆ - ၂၁ ရာစု ကျွမ်းကျင်မှုများ **လက်ရှိအသုံးချပုံကို ပိုင်းခြားစိတ်ဖြာ သုံးသပ်ချက်** | (သင်ရိုးပိုင်း ၁ တွင် လေ့လာခဲ့သည့်)**အားလုံးအကျုံးဝင်စာသင်ခန်း၏ လက္ခဏာ ၈ ရပ်** အပိုင်းနှင့် **၂၁ ရာစုကျွမ်းကျင်မှု**အပိုင်းတို့ကို ဖတ်ရှုပြီး သင်တန်းသူ/သားများကို ဆရာ/မတို့ စာသင်ခန်းအတွင်း ဖော်ဆောင်ရန်လိုအပ်သည့် ၂၁ ရာစု ကျွမ်းကျင်မှုများ အနက် မည်သည်က အရေးအကြီးဆုံး ဖြစ်ကြောင်း (ဥပမာ C လေးလုံး) မေးမြန်းရန် (C တစ်လုံးချင်းအတွက် အနည်းဆုံးဥပမာနှစ်ခုစီ)။ ထို့နောက် ၄င်းတို့ဖော်ထုတ် ထားသည့် ကျွမ်းကျင်မှုအကြောင်း၊ ယင်းကို လက်ရှိမိမိအတန်းတွင်းမှ သင်ယူသူ များနှင့် မည်မျှဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း စဉ်းစားကြပါစေ။ C တစ်ခုချင်းအတွက် ရာနှုန်းများ ပေးကြပါစေ။ အားလုံးအကျုံးဝင်သည့် စာသင်ခန်း၏ လက္ခဏာ ၈ ရပ်နှင့် LCA၏လက္ခဏာ ၁၅ ရပ်တို့က ၂၁ ရာစုကျွမ်းကျင်မှု၏ C လေးလုံးကို ဖွံ့ဖြိုးစေရေးအတွက် မည်ကဲ့သို့ အထောက်အကူပေးနိုင်ကြောင်း၊ ၄င်းတို့သည် မည်မျှနီးစပ်စွာ ဆက်စပ်လျက်ရှိကြောင်း အလေးထားပြောကြားပါ။ |
| လုပ်ဆောင်ချက် ၄.၇ - စာသင်ခန်းတွင်း သင်ယူသူဗဟိုပြု ချဉ်းကပ်မှုကို **ဖော်ဆောင်ခြင်း** | ဤလုပ်ဆောင်ချက်တွင် သင်တန်းသူ/သားတို့သည် ယခင်လုပ်ဆောင်ချက်များ၌ လေ့လာခဲ့သော အသိပညာကို လက်တွေ့အသုံးချရပါမည်။ LCA၏ အဓိက ၁၅ ချက် အရ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ရသည့် လုပ်ဆောင်ချက် ၄.၃ တွင် ၄င်းတို့ ပေးသည့် အဖြေများကို သေသေချာချာ သုံးသပ်စေပါသည်။ ၄င်းတို့ ဆက်လက် လေ့လာလိုသည့် အဓိကအချက် **၂-၃-ချက်**ကို **ရွေးချယ်ရန်** လိုအပ်ပါသည်။ စိတ်ဝင်စားသည့်အချက်ကိုသော်လည်းကောင်း၊ (မလွယ်ကူသောကြောင့်) နောက်ထပ် ပံ့ပိုးမှုလိုအပ်သည့် အချက်ကိုသော်လည်းကောင်း ရွေးချယ်ကြပါစေ။ အတန်းတွင်း မည်ကဲ့သို့အသုံးပြုမည်ကို **ဖော်ပြခြင်း၊** ထိုအဓိကအချက်များအား ရွေးချယ်ရသည့် **အကြောင်းရင်းကို ရှင်းပြခြင်း**တို့ လုပ်ဆောင်ရပါမည်။ တင်ပြပုံနည်းလမ်းကို ရွေးချယ်ရာတွင် A4စာရွက်တစ်ဖက်/ပါဝါပွိုင့်တစ်ချပ်/ပိုစတာတစ်ရွက်/စာရင်းတစ်ခု/စိတ်ကူးပြမြေပုံတစ်ချပ်/စီးဆင်းမှုပြ |

Implemented by: BRITISH COUNCIL The Open University VSO montrose

| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| | ဇယားတစ်ခု (တစ်ခုသာရွေးချယ်ရန်)နှင့် ဆန့်ရပါမည်။ ဤလုပ်ဆောင်ချက်သည် LCA နှင့်စပ်လျဉ်း၍ လေ့ကျင့်ပျိုးထောင်ပေးသည့်အပြင် သင်ယူသူများအား မည်သို့ ရွေးချယ်မှုပေးပုံကိုလည်း ပြသပါသည်။ |
| လုပ်ဆောင်ချက် ၄.၈ - ပူးတွဲသင်ယူမှု၏ အရေးပါပုံ (**အုပ်စုဖွဲ့ လုပ်ဆောင်ချက်**) | ဤလုပ်ဆောင်ချက်သည် ထိရောက်သော အုပ်စုဖွဲ့လေ့ကျင့်မှုကို စူးစမ်းခြင်းဖြင့် သင်ယူမှုကို ဆက်လက်တိုးတက်စေပါသည်။ LCAများ အတွက် ထိရောက်သော အုပ်စုဖွဲ့ လုပ်ဆောင်ချက် လိုအပ်ပါသည်။ သင်တန်းသူ/သားတို့သည် ဗီဒီယိုကြည့်၊ သင်ယူမှု ဂျာနယ်တွင် မှတ်စုရေးပြီး ပူးတွဲသင်ယူမှု အရေးကြီးပုံ အကြောင်း သုံးခု ပြရပါမည်။ ပူးတွဲသင်ယူမှုအတွက် သင်ယူသူတို့ အုပ်စုဖွဲ့**နည်း**ကိုလည်း ဇယားတွင် ဖြည့်ရပါမည်။ ၎င်းတို့ ကိုယ်ပိုင်ဥပမာများကိုလည်း ထပ်ထည့်ရန် အားပေးပါ။ ဤနည်းအားဖြင့် သင်တန်းသူ/သားတို့သည် ၎င်းတို့ ချက်ချင်းလက်ငင်း သုံးနိုင်သည့် အတွေးအမြင်များရရှိပြီး မိမိတို့အတန်းတွင်း အုပ်စုဖွဲ့ လုပ်ဆောင်ချက်မှ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ပြဿနာများကို ကျော်လွှားနည်းကိုလည်း စူးစမ်းကြပါမည်။ နောက်ဆက်တွဲ ၁ တွင် သင်ယူသူတို့အားလုံး စိတ်ဝင်တစား ပါဝင်လာစေရန် အုပ်စုဖွဲ့ လုပ်ဆောင်ချက်အတွင်း တစ်ဦးချင်း တာဝန်ပေးပုံ သာဓကများဆောင်ထားပါသည်။ ၎င်းတို့ကို ရိုက်နှိပ်ခြင်း(သို့)စာရွက်ပေါ်ကူးရေးခြင်းတို့ကိုလုပ်ဆောင်နိုင်ပါသည်။ အုပ်စုရှိသင်ယူသူတစ်ဦးချင်းကို ပေးနိုင်ပါသည်။ |
| နိဂုံး | သင်ရိုးပိုင်းနှင့် အဓိကအချက်များ စုစည်းခိုင်မာစေခြင်း - လုပ်ဆောင်ချက်မရှိပါ။ |
| သင်ရိုးပိုင်း ၄- အဆုံးသတ်ပဟေဠိ | သင်ရိုးပိုင်းကို သင်တန်းသူ/သားတို့ နားလည်မလည် စစ်ဆေးသော အဖြေမှန်ရွေးရသည့် မေးခွန်းလွှာဖြစ်ပါသည်။ မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ရန်နှင့် ရာနှုန်းပြည့် အဖြေမှန်ရအောင် ၎င်းတို့ လိုအပ်သလို အကြိမ်ကြိမ်ဖြေရန် အားပေးပါ။ |
| သင်ရိုးပိုင်း ၄ အဆုံးသတ်ပဟေဠိ အဖြေ | ရာနှုန်းပြည့်မှန်သည့်တိုင်အောင် သင်တန်းသူ/သားတို့က မေးခွန်းများကို ပြန်ဖြေသင့်ပါသည်။ အချို့မေးခွန်းများသည် အဖြေတစ်ခုထက်ပိုရှိကြောင်း သတိပေးပါ။ |

Funded by: UKaid



| လုပ်ဆောင်ချက် | ထပ်မံစဉ်းစားဖွယ်အချက်များ |
|---|---|
| လုပ်ဆောင်ချက် ၄.၉ - မိမိ၏ သင်ကြားရေးအလေ့အကျင့်ကို ပိုမိုတိုးတက်ကောင်းမွန်စေခြင်း | ဤလုပ်ဆောင်ချက်တွင် သင်တန်းသူ/သားများ စဉ်းစားစရာ အခင်းအကျင်းတစ်ခု ပေးထားပါသည်။ ဌာနမှူးပေးသည့် အဆိုတစ်ခုကို ဖြည့်ရပါမည်။ ဌာနမှူးက ၎င်းတို့၏ ၂၁ ရာစု စာသင်ခန်းအတွင်း LCAများကို အသုံးချမှုတိုးတက်စေမည့် ဆရာ/မတို့၏ အစီအစဉ်ကို အလွန်နားလည်လိုပါသည်။ အဆို မှာ "အောက်ပါ အချက်သုံးချက်ကို လုပ်ဆောင်ခြင်းဖြင့် မိမိအတန်းတွင်း သင်ယူသူ ဗဟိုပြု သင်ယူမှုကို ဖော်ဆောင်/တိုးတက်စေရန် စီစဉ်ထားပါသည်"ဟု ဖြစ်ပါသည်။ သင်တန်းသူ/သားတို့သည် တိုးတက်မှုအပေါ် သက်ရောက်မည့် အသုံးအဝင်ဆုံး၊ အရေးအကြီးဆုံး၊ အထူးခြားဆုံး နည်းလမ်းသုံးသွယ်ကို စဉ်းစားရပါမည်။ သင်တန်းသူ/သားတို့အား နှစ်ယောက်တွဲ သရုပ်ဆောင်စေပြီး အတန်းတွင် ပြန်ပြောပြကြရန်။ အဖြေပေးသည့်အခါ မိမိကိုယ်ကို မည်မျှယုံကြည်စိတ်ချကြောင်း မေးမြန်းပါ။ သင်ယူမှုဂျာနယ်တွင် မှတ်စုရေး ကြပါစေ။ |
| လုပ်ဆောင်ချက် ၄.၁၀ - ဒုတိယအကြိမ် **မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း** | မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်းသည် ပထမစစ်ဆေးအကဲဖြတ်မှုအတိုင်း ဖြစ်ပါသည်။ သင်တန်းသူ/သားများအား မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုကို ပြန်လည်သုံးသပ်စေပြီး အမှတ်ချင်းနှိုင်းယှဉ်ကြည့်ကြပါစေ။ |
| စတုတ္ထကတိ | သင်ရိုးပိုင်း ၄ မှ တတ်မြောက်သွားသည့် အချက်တစ်ချက်ကို တွေးစေပြီး မည်သည့်အရာကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း တပည့်များအား သင်တန်းသူ/သားများက ကတိကဝတ်ပြုကြပါစေ။ ထိုကတိအား သုံးသပ်အကဲဖြတ်စေပြီး (သီတင်းပတ်---ပတ်ပြီးနောက်) ပြောင်းလဲမှုများကို မှတ်သားစေပါ။ ပြောင်းလဲမှုက သင်ကြားသင်ယူမှုအပေါ် သက်ရောက်မှုနှင့် မိမိအနေဖြင့်ပိုမိုတိုးတက်ကောင်းမွန်ရန် မည်သို့ ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြပါစေ။ ဤအချက်သည် လက်တွေ့လုပ်ဆောင်မှု သုတေသန စက်ဝန်း၏အစကိုထင်ဟပ်ပြီး နောက်သင်ရိုးပိုင်းများတွင် ဖွံ့ဖြိုးမှု အတွက် ဆင့်ပိုးတည်ဆောက်ရန် အစဉ်မပြတ် ဆက်လက်ရေးဆွဲသွားမည့် လုပ်ငန်းအစီအစဉ်တစ်ရပ်ကို ဖန်တီးစေနိုင်ပါမည်။ သင်တန်းသူ/သားများအား သင်ယူမှုဂျာနယ်တွင် 'ကတိများ'ဟူသည့် အပိုင်းတစ်ခု ထားကြရန် အားပေးပါ။။ စုစုပေါင်း ကတိ ၁၅ ခု ရှိပါမည်။ |

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

Funded by: UKaid

## သင်ရိုးပိုင်း ၄ - အဆုံးသတ်ပဟေဠိ အဖြေ

သင်တန်းသူ/သားတို့က ရာနှုန်းပြည့်မှန်သည့်တိုင်အောင် မေးခွန်းများကို ပြန်ဖြေသင့်ပါသည်။ ဤသို့အားဖြင့် မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု တိုးတက်လာပါမည်။ အဖြေများကို **စာလုံးမည်းရင့်**ဖြင့် ပေးထားသည်။

မေးခွန်း ၁ - ၂၁ ရာစု သင်ယူမှုတွင် အောက်ပါတို့ပါဝင်သည်။

 က) အချက်အလက်များကို မှတ်သားလေ့ကျက်ခြင်း

**ခ) ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ခြင်း**

မေးခွန်း ၂ - ၂၁ ရာစုကျွမ်းကျင်မှုများရှိ C လေးလုံးအနက် မည်သည်က ပြဿနာဖြေရှင်းမှု၊ ကျိုးကြောင်းဆင်ခြင်မှု၊ ငြင်းခုံ ဆွေးနွေးရန် အဆိုတည်ဆောက်မှု၊ အချက်အလက်များကို ပိုင်းခြားစိတ်ဖြာမှုနှင့် အခြေအနေသစ်တွင် လိုက်လျောညီထွေ နေထိုင်မှုတို့ ပါဝင်ပါသနည်း။

**က) ဝေဖန်ပိုင်းခြားတွေးခေါ်မှု**

ခ) ဆက်သွယ်မှု

ဂ) ပူးပေါင်းဆောင်ရွက်မှု

ဃ) ဖန်တီးမှု

မေးခွန်း ၃ - ၂၁ ရာစုကျွမ်းကျင်မှုများရှိ C လေးလုံးအနက် မည်သည်က ပူးတွဲလုပ်ဆောင်မှု၊ ဆုတ်သာတက်သာရှိမှု၊ ခေါင်းဆောင်မှု၊ သူတစ်ပါးအတွက်တာဝန်ယူမှုနှင့် လေးစားမှု၊ အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေကြားမှုများကို ပေးမှုနှင့် လက်ခံရယူမှုတို့ ပါဝင်ပါသနည်း။

က) ဝေဖန်ပိုင်းခြားတွေးခေါ်မှု

ခ) ဆက်သွယ်မှု

**ဂ) ပူးပေါင်းဆောင်ရွက်မှု**

ဃ) ဖန်တီးမှု

မေးခွန်း ၄ - ၂၁-ရာစုကျွမ်းကျင်မှုများရှိ C လေးလုံးအနက် မည်သည်က နားထောင်ခြင်း၊ စကားပြောခြင်း၊ တင်ပြခြင်း၊ ဖတ်ကြား ခြင်း၊ ရေးသားခြင်း၊ ပုံဆွဲခြင်း၊ ဆွေးနွေးခြင်း၊ သရုပ်ဆောင်ခြင်းတို့ပါဝင်ပါသနည်း။

က) ဝေဖန်ပိုင်းခြားတွေးခေါ်မှု

**ခ) ဆက်သွယ်မှု**

ဂ) ပူးပေါင်းဆောင်ရွက်မှု

ဃ) ဖန်တီးမှု

မေးခွန်း ၅ - ၂၁-ရာစုကျွမ်းကျင်မှုများရှိ C လေးလုံးအနက် မည်သည်က အတွေးအမြင်သစ်များ၊ အတွေးအမြင် ဖော်ဆောင်မှု၊ စူးစမ်းမှုနှင့်အသစ်အသစ်သော ရှာဖွေတွေ့ရှိမှုများကို လက်ခံမှု၊ ဖြေရှင်းချက်အသစ် လုပ်ဆောင်မှုနှင့် နည်းလမ်းသစ်ဖြင့် လုပ်ဆောင်မှုတို့ ပါဝင်ပါသနည်း

က) ဝေဖန်ပိုင်းခြားတွေးခေါ်မှု

Implemented by: BRITISH COUNCIL, The Open University, VSO, montrose

ခ) ဆက်သွယ်မှု

ဂ) ပူးပေါင်းဆောင်ရွက်မှု

**ဃ) ဖန်တီးမှု**

မေးခွန်း ၆ - သင်ယူသူဗဟိုပြုချဉ်းကပ်မှုတွင် ဆရာ/မကဏ္ဍမှာ အောက်ပါအတိုင်းဖြစ်ပါသည် (နှစ်ခုရွေးရန်)

**က) ကူညီပံ့ပိုးသူ**

ခ) သင်ကြားပြသသူ

ဂ) သင်တန်းပေးသူ

**ဃ) နည်းပြသူ**

မေးခွန်း ၇ - အောက်ပါတို့အနက် မည်သည်က သင်ယူသူဗဟိုပြုချဉ်းကပ်မှု၏ အဓိကအချက်များဖြစ်ပါသနည်း (၄ ခုရွေးရန်)

**က) အချင်းချင်းဆက်သွယ်ရေး**

ခ) သင်ယူသူတို့ ဆရာ/မကိုနားထောင်ပြီး အချက်အလက်များကိုမှတ်မိရန် ရေးချခြင်း

**ဂ) စူးစမ်းမှုအခြေပြုသင်ယူမှု၊ ပူးတွဲ/ပူးပေါင်းသင်ယူမှု၊ လုပ်ဆောင်ချက်အခြေပြုသင်ယူမှု**

**ဃ) မိမိတို့သင်ယူနေသည့်အရာနှင့် သင်ယူပုံကို သင်ယူသူတို့ ပြန်လည်သုံးသပ်ခြင်း**

င) ဆရာ/မကိုဖြေကြားရန် သင်ယူသူတို့ သံပြိုင်ပြောခြင်း (သို့) လိုက်ဆိုခြင်း

**စ) မည်သည်ကို မည်ကဲ့သို့လေ့လာမည်ဖြစ်ကြောင်း သင်ယူသူတို့ ဆုံးဖြတ်ခြင်း**

မေးခွန်း ၈ - သင်ယူသူတို့အား လေ့လာသင်ယူမှုအုပ်စုများဖွဲ့ရာတွင် မည်သည့်နည်းတွင် သင်ယူသူတို့ မည်မျှကောင်းစွာ သင်ယူနေကြောင်း၊ ၎င်းတို့၏ စွမ်းရည်၊ လေ့လာလိုသည့်နည်းလမ်း၊ လေ့လာထားသည့်အရာ၊ စိတ်ပါဝင်စားမှုတို့အား ဆရာ/မက ကောင်းကောင်းသိထားရန် လိုပါသနည်း။

**က) အမျိုးတူ - စွမ်းဆောင်မှု၊ စွမ်းရည်၊ စိတ်ဝင်စားမှုတို့ ဆင်တူခြင်း**

ခ) အမျိုးစုံ - စွမ်းဆောင်မှု၊ စွမ်းရည်၊ စိတ်ဝင်စားမှုတို့ ကွဲပြားခြင်း

ဂ) သဟဇာတဖြစ်မှု

ဃ) ကျပန်း

မေးခွန်း ၉ - သင်ယူသူတို့ကို လေ့လာသင်ယူမှုအုပ်စုများဖွဲ့စည်းရာတွင် မည်သည့်သင်ယူသူများ ကောင်းမွန်စွာ အတူတူ လုပ်နိုင်ကြောင်း ဆရာ/မကသိရှိခြင်း (သို့) အုပ်စုတွင်တွဲလုပ်မည့်သူများအား သင်ယူသူတို့ကရွေးချယ်ခွင့်ပေးခြင်းတို့ ပါဝင်ပါသနည်း။

က) အမျိုးတူ - စွမ်းဆောင်မှု၊ စွမ်းရည်၊ စိတ်ဝင်စားမှုတို့ ဆင်တူခြင်း

ခ) အမျိုးစုံ - စွမ်းဆောင်မှု၊ စွမ်းရည်၊ စိတ်ဝင်စားမှုတို့ ကွဲပြားခြင်း

**ဂ) သဟဇာတဖြစ်မှု**

ဃ) ကျပန်း

Funded by: UKaid

မေးခွန်း ၁၀ - သင်ယူသူတို့ကို လေ့လာသင်ယူမှုအုပ်စုများဖွဲ့စည်းရာတွင် မည်သည့်နည်းက ဆရာ/မက ကိန်းဂဏန်း၊ ရောင်စုံ ကဒ်များ စသည်တို့ကိုသုံးလျက် သင်ယူသူတို့ကို အုပ်စုများအတွင်း ရောနှောထည့်သည့်နည်းဖြစ်ပါသနည်း။

က) အမျိုးတူ - စွမ်းဆောင်မှု၊ စွမ်းရည်၊ စိတ်ဝင်စားမှုတို့ ဆင်တူခြင်း

ခ) အမျိုးစုံ - စွမ်းဆောင်မှု၊ စွမ်းရည်၊ စိတ်ဝင်စားမှုတို့ ကွဲပြားခြင်း

ဂ) သဟဇာတဖြစ်မှု

**ဃ) ကျပန်း**

မေးခွန်း ၁၁ - သင်ယူသူတို့ကို လေ့လာသင်ယူမှုအုပ်စုများဖွဲ့စည်းရာတွင် မည်သည့်နည်းက သင်ယူသူတို့ မည်မျှကောင်းစွာ သင်ယူနေကြောင်းနှင့် ကွဲပြားမှုများရှိသောအုပ်စုများဖွဲ့စည်းခြင်းကို ဆရာ/မတို့ကောင်းစွာသိထားခြင်း ပါဝင်ပါသနည်း။

က) အမျိုးတူ - စွမ်းဆောင်မှု၊ စွမ်းရည်၊ စိတ်ဝင်စားမှုတို့ ဆင်တူခြင်း

**ခ) အမျိုးစုံ - စွမ်းဆောင်မှု၊ စွမ်းရည်၊ စိတ်ဝင်စားမှုတို့ ကွဲပြားခြင်း**

ဂ) သဟဇာတဖြစ်မှု

ဃ) ကျပန်း

Implemented by: BRITISH COUNCIL, The Open University, VSO, montrose